

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ



**၁၂၉၅+**
သတ်ဖြတ်ခံရ

**၁၀၅၁၇+**
ဖမ်းဆီးခံခဲ့ရ

**၇၀၁၆+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၅၄+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စ၍ မြန်မာနိုင်ငံရှိ မိသားစုဝင်များသည် စစ်ကောင်စီတပ်များ၏ အကြမ်းဖက်စီးနင်းမှုများကြောင့် ကွဲကွာရမည့် အကြောက်တရားများနှင့် မသေချာမရေရာမှုများကို ဖိအားပေးရင်ဆိုင်နေရသည်။

တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားဟောင်းများကို ဖမ်းဆီးမှုများ ပိုများလာသည်နှင့်အမျှ ၎င်းတို့၏ ဆွေမျိုးသားချင်းများသည် ၎င်းတို့ကိုယ်စား ဖမ်းဆီးခံနေရသည်။ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းအောက်တွင် စစ်ရာဇဝတ်မှု မြောက်သော်လည်း အကြမ်းဖက်စစ်ကောင်စီသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် အခြေခံမှုများကို မထီမဲ့မြင်ပြုခြင်းနှင့် လျစ်လျူရှုခြင်းတို့ကို ဆက်လက် လုပ်ဆောင်နေသည်။

စီးနင်းမှုများကြောင့် မိသားစုဝင်များသည် ဆိုးဝါး ခက်ခဲသော ဆုံးဖြတ်ချက်ကိုချရန် ဖိအားပေးခံနေရသည်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုများကြောင့် တက်ကြွလှုပ်ရှားသူများ၏ ဆွေမျိုးသားချင်းများမှ ၎င်းတို့နှင့် အဆက်အသွယ်များကိုဖြတ်တောက်နေကြသော်လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများမှ ဆွေမျိုးသားချင်းများကို ဒေါသအမျက်ထွက်ခြင်းမရှိပါ။ အကြမ်းဖက်စစ်ကောင်စီသည် သက်သေအထောက်အထားမရှိဘဲ သံသယဖြင့် အပြစ်မဲ့ ပြည်သူများကို ဖမ်းဆီးနေပြီး လူမျိုးရေးနှင့် ဘာသာရေးအခြေခံသည့် ဘက်လိုက်မှုများဖြင့် မကြာခဏ ဖမ်းဆီးနေသည်။

ဓားစာခံအဖြစ်ဖမ်းဆီးခံရသော မိသားစုဝင်များသည် ဖမ်းဆီးခံရစဉ် သတ်ဖြတ်ခံနေရသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း စစ်ကောင်စီ အလိုရှိသူလူငယ်ကို မတွေ့ရှိသည့်အတွက် တူဖြစ်သူ၏နေရာတွင် ထိန်းသိမ်းခံထားရသည့် အမျိုးသားတစ်ဦးသည် စစ်ကြောရေးတွင် စစ်မေးခံရပြီး နာရီပိုင်းအတွင်း ပြင်းထန်သော ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ သေဆုံးသူ၏ တူဖြစ်သူမှာ စစ်ကောင်စီ၏ ဖမ်းဝရမ်းထုတ်ခံထားရသည့် ထင်ရှားသော ဆန္ဒပြပွဲစီစဉ်သူ တစ်ဦးဖြစ်သည်။ မကြာသေးမီက ဖခင်နှင့်အတူဖမ်းဆီးခံခဲ့ရသည့် အသက် ၁၉ နှစ်အရွယ် ဖုန်းမြင့်အောင်သည် စစ်ကောင်စီ၏ ဖမ်းဆီးချုပ်နှောင်ခံရစဉ်အတွင်း အသတ်ခံခဲ့ရသည်။ ၎င်း၏ ဈာပနကို အရပ်ဝတ် စစ်အာဏာရှင်တပ်များနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။မတရား ဖမ်းဆီးခံရသည့် ပမာဏ တိုးလာသည့်အတွက်ကြောင့် ဖေဖော်ဝါရီလကတည်းမှ စတင်၍ ဖမ်းဆီးခံရစဉ် သေဆုံးမှုပေါင်း ၁၇၅ မှု ရှိပြီး အကြမ်းဖက်မှုများကို ရပ်တန့်ရန် တောင်းဆိုခဲ့သော ကုလသမဂ္ဂမှ မတရားဖမ်းဆီးခံရမှုများကို ပြစ်တင်ဝေဖန်ခဲ့သည်။

ကလေးသူငယ်များသည်လည်း စစ်ကောင်စီ၏ အပေါင်ခံ ပစ္စည်းမဖြစ် အသုံးချခံနေရသည်။ ဖမ်းဆီးထိန်းသိမ်းခံရသည့် သတင်းသမားတစ်ဦး’၏ အသက် ၇ နှစ်အရွယ် သမီးဖြစ်သူကို ၎င်း၏မိခင်မှ သေနတ်များ ဝယ်ထားသလားဟု မေးမြန်းခဲ့သည်။ ဤကဲ့သို့သော အပြုအမူများသည် အဆန်းတော့မဟုတ်ပေ။ အကြမ်းဖက်စစ်တပ်သည် ၎င်းတို့အလိုရှိသော အချက်အလက်များ ရရှိရန် ရမ်းကားကြမ်းတမ်းသော အကြပ်ကိုင်သည့်နည်းကို ပုံမှန် အသုံးပြုနေသည်။ အမျိုးသမီးများနှင့်မိန်းကလေးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးကို အာရုံစိုက်လာကြစေရန်အတွက် ယခုနှစ်တွင်ပြုလုပ်သော နှစ်စဉ်လုပ်ဆောင်နကျဖြစ်သည့် လူထုပညာပေး ၁၆ ရက်တာလှုပ်ရှားမှုတွင် ရမ်းကားကြမ်းတမ်းသည့် လုပ်ဆောင်ချက်များကို အရေးပေါ် ပြန်လည်လုပ်ဆောင်နေသည်။ အမျိုးသမီးငယ်များ၏ လုံခြုံရေးသည် တရားစီရင်ရေးကို လွှမ်းမိုးချုပ်ကိုင်ထားသော စစ်တပ်နှင့် ပစ်ဒဏ်ကင်းလွတ်ခွင့်ရနေသော စစ်သားများ၏ အောက် အန္တရာယ်ကျရောက်နေသည်။ ဤအသိပေး နှိုးဆော်လှုပ်ရှားမှုသည် အမျိုးသမီးများ နေ့စဉ်ကြုံတွေ့နေရသည့် အန္တရာယ်များကို အရေးကြီးသည့် သတိပေးချက်ဖြစ်ပြီး အရေးကြီးသည့် လှုပ်ဆောင်မှုများကို ဦးဆောင်လုပ်ကိုင်နေသည့် အမျိုးသမီးအဖွဲ့အစည်းများကို ဆက်လက်ပံ့ပိုးပေးရမည်ဖြစ်သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ကယားပြည်နယ်

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းတစ်ခုအား နိုဝင်ဘာ ၂၂ ရက်နေ့တွင် စစ်ကောင်တပ်များ ဝင်ရောက်စီးနင်းခဲ့သည်။ စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်သည် ဆရာဝန် လေးဦး၊ သူနာပြု၊ ဆေးဝါးကျွမ်းကျင်နှင့် စေတနာ့ ဝန်ထမ်းအပါအဝင် စုစုပေါင်း ၁၈ ဦးကို ဖမ်းဆီးခဲ့သည်။ထို့အပြင် လူနာနှစ်ဒါဇင်ကျော်ကိုလည်း ဆေးခန်းမှ ဖိအားပေး ပြောင်းရွှေ့စေခဲ့သည်။ ဆေးမှတ်တမ်းများကိုလည်း မတရား သိမ်းဆည်းခဲ့သည်။

အကြမ်းဖက်မှုများမှ ဘေးကင်းလုံခြုံရေးအတွက် အရပ်သားပြည်သူများခိုလှုံသည့် ဘာသာရေး ပရိဝုဏ်များတွင် စစ်ကောင်စီ၏ ပစ်မှတ်ထား တိုက်ခိုက်မှုများ တိုးလာနေသည်။

ခရစ်ယာန် ဘာသာဝင်အများစု နေထိုင်ရာကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ခရစ်ယာန်ဘုရားကျောင်းများသည် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းခံရကာ မီးလောင်ပျက်ဆီး သွားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လွိုင်ကော်သာသနာနယ်အတွင်းမှ ဘုရားကျောင်း ၁၀ ကျောင်းပျက်ဆီးခဲ့ပြီး လူပေါင်း ၁၀၀,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

## မကွေးတိုင်း

အာဏာသိမ်းစစ်တပ်နှင့် ဒေသခံကာကွယ်ရေးတပ် (PDF) ကြားတိုက်ပွဲများကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ဆက်လက်ပြီး အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည်။ မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်ပိုမိုဆိုးဝါးလာသော ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့်ဒေသခံ ၂၀၀၀ ကျော် ထွက်ပြေး တိမ်းရှောင်နေရသည်။ အာဏာသိမ်းစစ်တပ်သည် ရဟတ်ယာဉ်ကိုအသုံးပြုကာ PDF တပ်စခန်းကို ပစ်ခတ်မှုကြောင့် အနီးအနားရှိ ကျေးရွာများမှ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအပါအဝင် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ထွက်ပြေးခဲ့ရသည်။ တောထဲတွင် ထွက်ပြေးပုန်းခိုရသည့် ဒေသခံများ၏ ပြောကြားချက်အရ တစ်နေရာမှတစ်နေရာသို့ အဆက်မပြတ် ထွက်ပြေးခဲ့ရပြီး ကောင်းစွာအိပ်စက်ခွင့်မရှိခဲ့ပေ။ အကြမ်းဖက်စစ်တပ်မှ တောထဲတွင်တွေ့ရှိသူမှန်သမျှကို သူပုန်ဟုသတ်မှတ်ကာ သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် စစ်ဘေးရှောင်များကို ကူညီပေးနေသော ကိုညီခင်အတွက် တရားမျှတမှုမရရှိသေးပါ။ ဒေသခံကာကွယ်ရေးတပ်များနှင့် အာဏာသိမ်းစစ်တပ်ကြား တိုက်ပွဲများကြောင့် ဤဒေသသည် အာဏာသိမ်းစစ်တပ်၏ ပြင်းထန်သော ထိုးစစ်ဆင်စစ်ရေးလှုပ်ရှားမှုအောက်တွင်ရှိသော နယ်မြေဖြစ်သည်။ ကိုညီခင်သည် ယခုလအစောပိုင်းတွင် ဖမ်းဆီးခံခဲ့ရပြီး ဖမ်းဆီးခံရချိန်တွင် စစ်သားများ၏ ရိုက်နှက်ခြင်းကိုခံခဲ့ရသည်။ စစ်ကြောရေးတွင် ၃ ရက်ကြာ စစ်ကြောခံရပြီးနောက် သေဆုံးသည်ဟု ထုတ်ပြန်သော်လည်း အလောင်းကို အာဏာပိုင်များမှ ထုတ်မပေးပါ။

ရှမ်းပြည်နယ် တောင်ပိုင်းမှ မြို့နယ်များတွင် အကြမ်းဖက်မှုများကြောင့် အရပ်သားများ ထွက်ပြေးတိမ်းရှောင်နရမှု ပုံမှန် ဖြစ်ပွားသည်။ အာဏာသိမ်းစစ်သားများသည် ဒေသခံတို့၏ နယ်မြေများတွင် တပ်စခန်းချနေထိုင်မှုကြောင့်ထွက်ပြေးတိမ်းရှောင်ရမှုများကို ပုံမှန်ဖြစ်ပွားစေသည်။ အာဏာသိမ်းစစ်တပ်၏ ဖမ်းဆီးခံရမည်ကို ကြောက်သော်လည်း ဝေးလံခေါင်သီသောနေရာတွင် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် ရေမရှိဘဲ ရှင်သန်ရန် အခက်ခဲရှိနေသည်။ တောင်သူလယ်သမားများသည် တိုက်ပွဲများကြောင့် အပင်များရိတ်သိမ်းရန် ဘေးကင်းလုံခြုံစွာ သွားရောက်နိုင်ခြင်း မရှိသဖြင့် အသက်မွေးဝမ်းကြောင်းကို ထိခိုက်စေသောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များသည် အသက်ရှင်သန်နေထိုင်ရန် စိန်ခေါ်မှုများကို ကြုံတွေ့နေရသည်။

“ဒီကနေ့ကျွန်မတို့ရဲ့ မျှော်လင့်ချက်တော့ အားလုံးပူးပေါင်းပြီး အကြမ်းဖက်မှုတွေ ရပ်သွားအောင် လုပ်ဖို့ပါ။ ချိုးဖောက်မှု ကျူးလွန်တဲ့သူတွေကို အရေးယူမှုတွေ လုပ်မယ်ဆိုရင် အကြမ်းဖက်မှုတွေကို ရပ်တန့်နိုင်မှာပါ။ အားကိုးရာမဲ့ပြီး မျှော်လင့်ချက်မဲ့နေတယ်လို့ မခံစားသင့်ဘူး။ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတွေကို ရပ်တန့်နိုင်မှာပါ။”

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာလှုပ်ရှားမှုအတွက် ကရင်အမျိုးသမီးအစည်းအရုံး၏ သတင်းစကား




ကရင်ပြည်နယ်တွင် ကူးစက်ကပ်ရောဂါနှင့် မတည်ငြိမ်မှုများရှိနေသော်လည်း ဒုက္ခသည်စခန်း ၇ ခု၊ မြို့နယ် ၅ မြို့နယ် နှင့် အိသုထ စစ်ဘေးရှောင် စခန်းအပါအဝင် နေရာ ၁၄ ခုတွင် ကရင်အမျိုးသမီးအစည်းအရုံးမှ ၁၆ ရက်တာလှုပ်ရှားမှုကို ဦးဆောင်ကျင်းပခဲ့သည်။
ဓာတ်ပုံ–ကရင်အမျိုးသမီးအစည်းအရုံး

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## နိုဝင်ဘာ ၂၂ ရက်နေ့

ဂျပန်အခြေစိုက် နိုင်ငံတကာဘီယာလုပ်ငန်းကြီးတစ်ခုဖြစ်သည့် ကီရင်ကုမ္ပဏီမှ စစ်တပ်နှင့် စီပွားရေးမိတ်ဖက်အဖြစ်မှ လက်တွဲဖြုတ်ရန် ဥပဒေကြောင်းအရစီစဉ်နေကြောင်း ကြေငြာပြီးနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(MEHL) မှ ကီရင်ကုမ္ပဏီသည် စာချုပ်ကို ဖောက်ဖျက်ကြောင်း စွပ်စွဲခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စစ်တပ်ထုတ်ကုန်များကို သပိတ်မှောက်ပြီးနောက် ၎င်းကဲ့ သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး နွေးဦးတော်လှန်ရေးအတွက် နောက်ထပ်အောင်ပွဲတစ်ရပ်ဖြစ်သည်။

## နိုဝင်ဘာ ၂၃ ရက်နေ့

နိုင်ငံတကာရဲတပ်ဖွဲ့ရဲ့ညီလာခံကို စစ်ကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့အား တက်ရောက်ခွင့်မပြုရန် အင်တာပိုလ်အဖွဲ့ဆီသို့ ND–Burma မှ မြန်မာအရပ်ဘက် အဖွဲ့အစည်းပေါင်း ၂၅၉ ဖွဲ့နှင့်အတူ စာပေးပို့ တောင်းဆိုခဲ့သည်။

## နိုဝင်ဘာ ၂၄ ရက်နေ့

ND–Burma မှ “ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လမ်းချော်ခဲ့သောမြန်မာ”ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံရှိ ပြည်သူတို့၏ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ပြီး အဓိပ္ပာယ်ရှိသော ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် စစ်အာဏာရှင်များ အကြိမ်ကြိမ် ကျရှုံးခဲ့ပုံတို့ကို အလေးပေးဖော်ပြသည့် စာတမ်းငယ်ကို ထုတ်ပြန်ခဲ့သည်။

## နိုဝင်ဘာ ၂၅ ရက်နေ့

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး နိုင်ငံတကာအထိမ်းအမှတ်နေ့နှင့်အတူ ၁၆ ရက်တာ အမျိုးသမီးများနှင့် မိန်း ကလေးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးလှုပ်ရှား ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် အရပ်ဘက်အဖွဲ့အစည်းတို့မှ ဤလှုပ်ရှားမှု၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## နိုဝင်ဘာ ၂၄ ရက်နေ့

ရန်ကုန်မြို့ရှိ မြန်မာပလာဇာတွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသောကျောင်းသားနှစ်ဦးကို လုံခြုံရေးဝန်ထမ်းများကိုယ်ထိလက်ရောက်ဖမ်းဆီးခဲ့သည့် ဓာတ်ပုံများ ထွက်ပေါ်လာပြီးနောက် ပြည်သူများ ဒေါသထွက်ကာ မြန်မာပလာဇာကိုသပိတ်မှောက်ခဲ့ကြသည်။ အမျိုးသမီးငယ်တစ်ဦးသည် မျက်နှာတွင် ထိုးကြိတ်ခံရပြီး ဒဏ်ရာရရှိခဲ့သည်။

## နိုဝင်ဘာ ၂၇ ရက်နေ့

ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO၏ ထုတ်ပြန်ချက်အရ ထန်တလန်မြို့တွင် အာဏာသိမ်းစစ်ကောင်စီမှ နေအိမ်များကို မီးထပ်ရှို့မှုကြောင့် မီးဆက်လက်လောင်ကျွမ်းနေသည်။

## နိုဝင်ဘာ ၂၈ ရက်နေ့

ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ရေးမှုအရ ကာလကြာရှိဖိနှိပ်ခံ ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဖြင့် စစ်ခေါင်းဆောင်များကို တရားစွဲဆိုမှုကို အာဂျင်တီးနားတရားရုံးမှ လက်ခံခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma